“အသံ”

# ခေတ်သစ်သို့ဝင်ရောက်သောတရုတ်နိုင်ငံသည် ကမ္ဘာ့အတွက်ထောက်ပံ့မှုများလုပ်ဆောင်ပေးမည်

တရုတ် ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်စနစ်သည် ခေတ်သစ်သို့ဝင်ရောက်နေပြီး တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ သမိုင်းကြောင်းလားရာဖက်ဖြစ်သည်ဟု ရှီကျင့်ဖျင်က တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံအစီရင်ခံစာထဲတွင် တင်ပြထားသည်။ သမိုင်းလားရာဖက်ပန်းတိုင်အသစ်တွင် ရပ်တည်ပြီးချမ်းသာလာခြင်း ကြီးထွားလာခြင်းကို ဖြစ်မြောက်လာနေသော ကြီးမားခိုင်မာသည့် တရုတ်နိုင်ငံသည် ကမ္ဘာကို အနာဂတ်တွင် မည်သို့သက်ရောက်မှုရှိနိုင်မည်နည်း။

ယခုနှစ်ဩဂုတ်လ ပြင်သစ်ဈေးကွက်မေးမြန်းစုံစမ်းမှုအဖွဲ့အစည်းရီဖူစောသည် တရုတ်၊ အမေရိကန်၊ အင်္ဂလန်၊ ဂျပန် စသည့်နိုင်ငံ(၂၆)ခုမှ ပြည်သူများအပေါ် စစ်တမ်းပြုခဲ့ရာ တရုတ်နိုင်ငံသား(၈၇%) သည် နိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် တက်ကြွသည့်စိတ်ထားမျိုးထားရှိနေပြီး စစ်တမ်းပြုစုသည့်နိုင်ငံများထဲတွင် ပထမဖြစ်သည်။ ယင်းသည် အပြောင်းအလဲများသော ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေအတွက်ပြည့်ဝသော “စွမ်းအား” များဖြည့်စွက်ပေးခြင်းဖြစ်ကြောင်း နိုင်ငံခြားမီဒီယာအများမှ အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်။

တရုတ်နိုင်ငံမှပေးသော စံနမူနာများနှင့် အတွေ့အကြုံများသည် လာဘ်စားမှုတိုက်ဖျက်ရေးနယ်ပယ်တွင် ထင်ရှားလျက်ရှိနေပါသည်။ ယခုဇင်ဘာဘွေအစိုးရပါတီ အာဖရိကတိုက်တိုင်းရင်းသားညီလာခံ-ပြည်ချစ်လိုင်း ဗဟိုအစိုးရညွှန်ကြားရေးမှူးရုံး ကော်မတီအဖွဲ့ဝင်တာဝန်ကိုထမ်းဆောင်နေသော ဇင်ဘာဘွေမီဒီယာ၊ သတင်းနှင့်ပြန်ကြားရေးဝန်ဆောင်မှုဝန်ကြီးဌာန ဝန်ကြီးစိုင်မန် •မော်ယွက်သည် ယင်းအပေါ် အထူးလေးနက်စွာစိတ်မှာစွဲနေခဲ့သည်။ “ကျွန်တော်တို့သည် တရုတ်ကွန်မြူနစ်ပါတီမှ လုပ်ဆောင်သော လာဘ်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုကို အထူးလေးစားပါတယ်။ ဇင်ဘာဘွေမှာ ကျွန်တော်တို့လည်း လာဘ်စားမှုကို တိုက်ဖျက်နေရပါတယ်။ ဒါပေမဲ့အရမ်းခက်ခဲ့ပါတယ်။ ကျွန်တော်တို့က တရုတ်နိုင်ငံ၏ လာဘ်စားမှုတိုက်ဖျက်ရေးအတွေ့အကြုံကိုသင်ယူသင့်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့လာဘ်စားမှုတိုက်ဖျက်သည့်ဝန်ထမ်းများသည် ယင်းအတွင်းမှ များစွာသင်ယူနိုင်ပါသည်။”ဟု သူကပြောကြားခဲ့သည်။



ကမ္ဘာပေါ်ရှိအကြီးဆုံးအစိုးရပါတီဖြစ်သော တရုတ်ကွန်မြူနစ်ပါတီသည် (၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံအစီရင်ခံစာထဲမှာ “တရုတ်ကွန်မြူနစ်ပါတီသည် တရုတ်ပြည်သူများအတွက် သာယာအေးချမ်းမှုရှာဖွေပေးသော အစိုးရပါတီဖြစ်သကဲ့သို့ လူသားတိုးတက်မှုလုပ်ငန်းအတွက် ကြိုးစားရုန်းကန်သော အစိုးရပါတီလည်းဖြစ်သည်။”ဟု လေးနက်စွာဖော်ပြထားသည်။ ယင်းအပေါ် တရုတ်နိုင်ငံလာအိုအခြေစိုက် သံအမတ်ဝမ်တီ•ပူထာစအုန်း အမျိုးသမီးသည် အထူးသဘောတူခဲ့သည်။ “တရုတ်ကွန်မြူနစ်ပါတီသည် ငြိမ်းချမ်းရေးကိုမြတ်နိုး၊ ဖွံ့ဖြိုးတိုးတက်ရေးကိုအလေးထား၊ ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားသော အစိုးရပါတီဖြစ်သည်။ သူမသည်လွတ်လပ်ပြီးငြိမ်းချမ်းသော နိုင်ငံခြားဆက်ဆံရေးပေါ်လစီကိုကျင့်သုံးပြီး ကမ္ဘာ့ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုများလုပ်ဆောင်ပေးခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီက တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသနယ်ပယ်နှင့် ကမ္ဘာ၏ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးများနှင့်မကင်းကွာနိုင်ပါကြောင်း လေးနက်စွာခံယူထားသည်။ တရုတ်ကွန်မြူနစ်ပါတီသည် တရုတ်နိုင်ငံအား အပြင်သို့လျှောက်လှမ်းသော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ ဦးဆောင်နေပြီး လာအိုအပါအဝင်ကမ္ဘာ့နိုင်ငံအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသော အတွေ့အကြုံများကို ထောက်ပံ့ပေးနိုင်ခဲ့သည်။”

ယခုကမ္ဘာတွင် ရင်ဆိုင်နေသော ကုန်သွယ်မှုကာကွယ်ရေးဝါဒ၊ ဂလိုဘယ်လိုက်ဇေးရှင်းဆန့်ကျင်မှုနှင့် နာဇီဝါဒအတွေးအခေါ်များ၏ စိန်ခေါ်မှုအပေါ် တရုတ်ကွန်မြူနစ်ပါတီသည် (၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံတွင် အတူညီညွှန်းအတူဆောက်လုပ် အတူခံစားဟူသော ကမ္ဘာ့စီမံအုပ်ချုပ်ရေးအတွေးအခေါ်ကိုတင်ပြခဲ့သည်။ နိုင်ငံတံခါးဖွင့်ပြီးဆောက်လုပ်ရေးလုပ်ဆောင်ခြင်း၊ ကမ္ဘာ့လုပ်ဖော်ကိုင်ဖက်ဆက်ဆံရေးကို တက်ကြွစွာဖွံ့ဖြိုးတိုးတက်ခြင်း၊ လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုဆောက်လုပ်သော ပြည်ပဆက်ဆံရေးတည်ဆောက်ခြင်းပေါ်လစီများကို တင်ပြခဲ့သည်။ တရုတ်အင်အားသည် ကမ္ဘာ့နိုင်ငံအသီးသီးကို ဂလိုဘယ်လ်ပေါင်းစည်းမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွင်းသို့ ပါဝင်နိုင်ရန် ထောက်ကူပြုတွန်းတင်ပေးနိုင်မည်ဟု ဩစတြေးလျ New South Walesတက္ကသိုလ် ကျောင်းအုပ်လက်ထောက်လောက်လီ •ဖအယ်ရှီးက ထင်မြင်ကြောင်းပြောကြားခဲ့သည်။

ဤသတင်းစာအထွေထွေ

# ကူမင်းတွင် အရှေ့အာရှထိပ်သီးအစည်းအဝေး စွမ်းအင်အသစ်ဖိုရမ်ကျင်းပ

ယခုရက်ပိုင်းကူမင်းတွင် အရှေ့အာရှထိပ်သီးအစည်းအဝေးစွမ်းအင်အသစ်ဖိုရမ်ကို ကျင်းပခဲ့သည်။

ယခုအကြိမ်ဖိုရမ်ကို တရုတ်သိပ္ပံနည်းပညာဝန်ကြီးဌာန နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရုံး၊ ယူနန်ပြည်နယ်သိပ္ပံနည်းပညာညွှန်ကြားရေးရုံးမှ ဦးဆောင်ကျင်းပခဲ့သည်။ အရှေ့အာရှထိပ်သီးအစည်းအဝေးသည် စွမ်းအင်အသစ်နယ်ပယ်၏ဘက်စုံပူးပေါင်းဆောင်ရွက်ရေးကို တွန်းတင်နိုင်ရန်၊ အရှေ့အာရှပူးပေါင်းဆောင်ရွက်ရေး တည်ငြိမ်စွာတိုးတက်ရေးကိုတွန်းတင်ရန်၊ ဒေသငြိမ်းချမ်းတည်ငြိမ်ရေးနှင့် ကြာရှည်ခံရေးအတွက် ထောက်ပံ့အင်အား တွန်းတင်ပေးကာ နိုင်ငံအသီးသီး ပြည်သူများအတွက် အကျိုးပေးရန် စသည်ဖြင့်ရည်ရွယ်ထားသည်။ အရှေ့အာရှထိပ်သီးအစည်းအဝေးမှနိုင်ငံအသီးသီးနှင့် တရုတ်နိုင်ငံသက်ဆိုင်ရာပြည်နယ်ဇုန်မြို့၏ ကိုယ်စားလှယ်များက အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအတွေးအခေါ်ကိုဝိုင်းရံပြီး နှီးနှောဖလှယ် သုတေသနပြုခဲ့ကြသည်။




တရုတ်နိုင်ငံ ကာဗွန်နိမ့်စံနမူနာပြည်နယ်နှင့် သဘာဝပတ်ဝန်းကျင်ယဉ်ကျေးမှုဆောက်လုပ်ရေး ရှေ့ပြေးစံပြပြည်နယ်ဖြစ်သော ယူနန်သည်၂၀၀၉ ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ စွမ်းအင်အသစ်ဆောက်လုပ်ရေး ရင်းနှီးမှုယွမ်ငွေပေါင်း (၃၂.၈)ဘီလီယံကို ရင်းနှီးခဲ့ပါသည်။ ယခုနှစ်ပိုင်း ယူနန်မှနှစ်စဉ်နေရောင်ခြည်စွမ်းအား ရေပူစက်စုစောင်းဘုတ်တပ်ဆင်ခြင်းသည် စတုရန်းမီတာ(၅)သိန်းရှိပြီး တစ်ပြည်နယ်လုံးနေရောင်စွမ်းအားသုံးရေပူစက်စုစောင်းဘုတ် ပိုင်ဆိုင်မှုပမာဏသည် စတုရန်းမီတာသိန်း(၈၀)ရှိခဲ့သည်။ ၂၀၁၆ခုနှစ်ကုန်အထိ ယူနန် photovoltaic လျှပ်စစ်ဓာတ်အားထုတ်စက်ပမာဏစုစုပေါင်းမှာ (၂၀.၈)သိန်းကီလိုဝပ်ရှိခဲ့သည်။ ထို့အတူယူနန်သည် စွမ်းအင်ချွေသာရေး၊ ကာဗွန်နည်းဖွံ့ဖြိုးရေး၊ ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ရေးစသည့်နယ်ပယ်များတွင် သိပ္ပံနည်းပညာထိုးဖောက်မှုများလုပ်ဆောင်နေပြီး အောင်မြင်မှုရလဒ် ပြောင်းလဲမှုကိုခိုင်မာစွာလုပ်ဆောင်ပြီး တရုတ်နိုင်ငံပထမဆုံးမိမိဆန္ဒဖြင့် ညစ်ညမ်းမှုလျှော့နည်းသည့်ဖွဲ့စည်းပုံအောက်မှ “ပျက်ဆီးမြေပေါ်မှ ဝါးသစ်တောတည်ဆောက်ရေးနည်းလမ်း”ကို ဖွံ့ဖြိုးအောင်မြင်ခဲ့သည်။ တရုတ်နိုင်ငံ ပထမဆုံးမိမိဆန္ဒဖြင့် ညစ်ညမ်းမှုလျှော့နည်းသည့် ကာဗွန်စုဆောင်းစီမံကိန်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြီးမြောက်နိုင်ခဲ့သည်။ သက်ဆိုင်ရာသုတေသနအောင်မြင်မှုရလဒ်သည် ပြည်တွင်းရှေ့ဆောင်မှုအဆင့်မှာ ရောက်ရှိနေပါသည်။

သတင်းထောက် ကျိကျိန်း